
နှင်းသီရိကျက်သရေ

# အချစ်ဆုံးမို့ဆိုးမိချင်ပါတယ်



‘ဆပ်သဖူးစံတင်’

ဒီအမည် ပိုင်ရှင်လေးက ကြည်စင် ဖြူဖွေးသော အသားအရေ၊ ရွှန်းလဲ့ တောက်ပသော အကြည့်တစ်စုံကို ပိုင်ဆိုင်ထားတဲ့ အသက် နှစ်ဆယ့်တစ်နှစ် အရွယ် မိန်းမပျို ချောချောလေး တစ်ယောက်ပါပဲ။

ရုပ်ရည် ချောမောလွန်းတဲ့ အပြင် အစ်မဖြစ်သူရဲ့ လိုလေသေးမရှိ ပံ့ပိုးထားမှုကြောင့် လူတိုင်း အားကျနေရ သူလေးပါပဲ။

သူမလေးရဲ့ မမကတော့ ချစ်စရာကောင်းတဲ့ သူမလေးကို သူများတွေ ခေါ်သလို ‘ဆပ်သဖူး’ လို့ မခေါ်ဘဲ ချစ်စနိုးနဲ့ ခေါ်တတ်တဲ့ အမည်လေးကတော့ ‘နွဲ့ဆိုး’တဲ့ ။

*****

# အခန်း(၁)

"မမသက်ရေ၊ မမသက်၊ မမသက်..."

"ဟဲ့... ဟဲ့... ဘာဖြစ်လာတာလဲ သဲစုရယ်..."

သုတ်သီးသုတ်ပျာ ပုံစံဖြင့် 'သက်သခင်' ဖက်ရှင် အပ်ချုပ်ဆိုင်ထဲသို့ ဝင်လာသော သဲစုကို သက်မှူး စံတင်က ရင်ထိတ်စွာဖြင့် မေးလိုက်မိသည်။

"ဟိုလေ... ဆပ်သဖူး... ဆပ်သဖူး... ဆပ်သဖူး ဘယ်မှာ လဲ"

"ဟဲ့... နွံ့ဆိုးက အိပ်နေတယ်လေ၊ သဲစုက ဆပ်သဖူးကို မေးဖို့ အရေးတကြီး ပုံစံနဲ့ ဝင်လာ တာလား"

"အရေးကြီးတယ် မမရဲ့။ သဲစုနဲ့ ဆပ်သဖူး ဒီနေ့မနက် (၉)နာရီခွဲမှာ အင်တာဗျူး ဖြေဖို့ ချိန်းထားတယ် မမရဲ့ "

"အမ်... အင်တာဗျူးဖြေဖို့။ ဘာအင်တာဗျူးလဲ သဲစုရဲ့။ နွံ့ဆိုးပြောတာလည်း မမ မကြားမိပါလား"

"ဆပ်သဖူး ကတော့ လုပ်ပြီ၊ ဒါဆို မမက သဲစုအတွက် ဘာမှ မစီစဉ်ထားဘူးပေါ့"

"ဟာ... နားတွေရှုပ်ကုန်ပြီ၊ ကဲ သဲစု လာထိုင်ဦး၊ ဘာတွေ ဖြစ်နေတယ်ဆိုတာ မမကို သေချာပြောပြ"

ပြူးတူးပျာတာ ဖြစ်နေသော သဲစုကို နှစ်ယောက်ထိုင် ဆက်တီပေါ်တွင် သူမနှင့် အတူ ထိုင်လိုက်စေသည်။

"ကဲ သဲစု၊ မမ နားလည်အောင် ပြောပြပါဦး၊ သဲစုနဲ့ နွံ့ဆိုးက ဘာအင်တာဗျူးတွေ သွားဖြေမလို့ လဲ"

"ဒီလို မမရဲ့၊ အခု ရွှေအလင်းစက် ဂျာနယ်နဲ့ ရသချို မဂ္ဂဇင်းက သတင်းထောက်တွေ ခေါ်နေတယ်လေ"

"အမယ်... ညည်းတို့ နှစ်ကောင်က သတင်းထောက် လုပ်ကြမယ် ပေါ့၊ ကိုယ့်ဘာသာ အိမ်မှာ ပဲ အေးအေးဆေးဆေး နေကြပါဟာ၊ နင်တို့ နှစ်ကောင်ကြောင့် ဂျာနယ်လစ်တိုက်က လူကြီးတွေ အလုပ် ရှုပ်ကုန်ပါမယ်"

"ဟာ... မမကလည်း ၊ အဲဒါ နွဲ့ဆိုးတို့ ကို တမင် အထင်သေးတာပဲ"

ပြင်ဆင် ခြယ်သထား၍ လင်းလက်စွာ လှပနေသော ဆပ်သဖူးက မမနှင့် သဲစုတို့ အနီးသို့ လျှောက်လာရင်း ပြောလိုက်ခြင်းပါ။

"ဟယ်... လှလိုက်တာ ဆပ်သဖူးရယ်၊ အဲ... မမပြောတော့ အိပ်နေတယ်ဆို"

"အမယ်... ငါ့ကို မယုံသင်္ကာတဲ့ အကြည့်မျိုးနဲ့ လာကြည့်နေသေးတယ် ခါတိုင်းဆို ရှင့်သူငယ်ချင်းက ဒီအချိန် အိပ်ရာထဲမှာ အိပ်မက်မက်လို့ ကောင်းနေသေးတဲ့ အချိန်ပဲ ရှိသေးတာ၊ နေစမ်းပါဦး နွဲ့ဆိုးရယ်"

သဲစုကို လှည့်ဖြေနေရင်းက သက်မှူး၏ အကြည့်တို့ က ဆပ်သဖူး ဆီသို့ ရောက်သွားရသည် ။

"နွဲ့ဆိုး၊ ဒီ... ဒီ အင်္ကျီက..."

ဆပ်သဖူး၏ ကောက်ကြောင်းလှလှ ခန္ဓာကိုယ်ပေါ်တွင် လှပနေသော အဝါနှင့် အနက်ရောင် အဆင်တို့ ကို ဒီဇိုင်းထွင် ချုပ်လုပ်ထားသော အင်္ကျီ လှလှလေးကို သက်မှူး မျက်လုံး အဝိုင်းသားဖြင့် ကြည့်နေမိသည် ။

"ဘာဖြစ်လို့ လဲ မမသက်မှူးရဲ့ ၊ ဆပ်သဖူးနဲ့ အဲဒီအင်္ကျီလေးက လှသားပဲ၊ သဲစုတောင် ကြိုက်တယ်"

သဲစုက ဘုမသိ ဘမသိပုံစံဖြင့် ဝင်ပြောနေတာကို သက်မှူး ဂရုမ

စိုက်အား။

"နွဲ့ဆိုး... ဒီ... ဒီ..."

အစ်မ ဖြစ်သူ၏ ပုံစံကြောင့် ဆပ်သဖူးမှာ ကိုယ်လေး လှုပ်ခါသွားသည် အထိ သဘောကျစွာ ရယ်လိုက်မိသည်။

"မမကို ကြည့်ရတာ သရဲ တွေ့နေရတဲ့ အတိုင်းပဲ"

"ဟဲ့... သရဲ တွေ့ရင်တောင် ငါ ဒီလောက်လန့်မှာ မဟုတ်ဘူး။ ပြောစမ်း... နွဲ့ဆိုး၊ ဒီအင်္ကျီက မေဘရဏီ အပ်သွားတဲ့ အင်္ကျီ မဟုတ်လား"

ဆပ်သဖူးက သက်မှူးအမေးကို ပြန်မဖြေဘဲ ဝှက်ကြွားသော အပြုံးလေးဖြင့် ပြုံးနေတာမို့ သက်မှူး စိတ်ညစ်သွားရသည်။

"နွဲ့ဆိုးတို့ ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီအင်္ကျီကို ဒီညနေယူဖို့ မေဘရဏီကို မမ ချိန်းထား ပြီးသားဆိုတာ နွဲ့ဆိုး သိရဲ့ သားနဲ့ "

သက်မှူး ပြောသမျှကို ဘာမှ စောဒက မတက်ဘဲ ပြုံးစိစိ မျက်နှာပေးဖြင့် နားထောင် နေသော ဆပ်သဖူးကို သဲစု သဘောကျစွာ ကြည့်နေမိသည်။

"နွဲ့ဆိုးလေးက လိမ္မာပါတယ်ကွာ၊ ဒီအင်္ကျီလေးကို ချွတ်ပြီး မနေ့က မှ မမကိုယ်တိုင် ဒီဇိုင်း ထုတ်ထားတဲ့ ဒီဇိုင်းသစ် အင်္ကျီလေး ဝတ်သွားနော်"

"နွဲ့ဆိုးက ဒီနေ့ ဒီအင်္ကျီပဲ ဝတ်မှာ "

"နွဲ့ဆိုး... မမအလို လိုက်ထားတယ်ဆိုပြီး မဆိုးနဲ့ ကွာ၊ ဒီအင်္ကျီပုံစံမျိုး နွဲ့ဆိုး ဝတ်ချင်တယ် ဆိုရင် ဒီအင်္ကျီနဲ့ အသားချင်းတူတဲ့ ပိတ်စဝယ်ပြီး မမ ထပ်ချုပ်ပေးမယ်၊ နွဲ့ဆိုးက ခု ဒီအင်္ကျီ ဝတ်သွားမယ် ဆိုရင် ည

နေကျလို့ မေဘရဏီ လာရင် မမ ရှင်းပြရတာ ခက်လိမ့်မယ် နွဲ့ဆိုးရဲ့ "

အသံပျော့လေးဖြင့် ချော့ပြောနေသော မမကို ဆပ်သဖူး ရယ်ကျဲကျဲ ပုံစံဖြင့် ကြည့်လိုက် သည် ။

"ဒါများ မမရယ်၊ ညနေရောက်ဖို့ အဝေးကြီး လိုသေးတာပဲဟာ၊ မေဘရဏီအတွက် တစ်ထည် ထပ်ချုပ်လိုက်ပေ့ါ၊ မေဘရဏီရဲ့ ပိတ်စက ရှိုးကေ့စ် ပေါ်မှာ လေ၊ ဟဲဟဲ... ဒီအစနဲ့ တူအောင် နွဲ့ဆိုး မနည်းရှာပြီး ဝယ်လိုက်ရတာ၊ နွဲ့ဆိုးက မမ အခက်အခဲဖြစ်အောင် ဘယ်လုပ်ပ့ါ မလဲလို့ "

"နွဲ့ဆိုးတို့ ကတော့ လုပ်ပြီ၊ မေဘရဏီက သူများ နဲ့ မတူတဲ့ ဒီဇိုင်းမှ ဝတ်ချင်တဲ့ သူဆိုတာ သိရဲ့ သားနဲ့ ကွယ်"

"အဲဒီလို ကြီးကျယ်လွန်းလို့ နွဲ့ဆိုးတို့ က ဒီဇိုင်းသစ်ကို ဦးဦးဖျားဖျား ဝတ်လိုက်ရတာပေ့ါ၊ ကဲပါ မမရယ်၊ နွဲ့ဆိုးတို့ သွားရတော့မယ်။ အချိန် နီးနေပြီ၊ မမကို နွဲ့ဆိုး ကြိုမပြောမိတာ ခွင့်လွှတ်နော်"

"နွဲ့ဆိုးရယ်၊ အလုပ်လုပ်ချင်တယ် ဆိုရင်လည်း မမဆိုင်မှာ ပဲ ကောင်းတာထိုင်တဲ့ အလုပ် လုပ်ပါလားကွယ်။ သတင်းထောက် လုပ်တယ်ဆိုတာ ပင်ပန်းတယ် ကလေးမရဲ့ ၊ ပြီးတော့ ညည်းလေးလို ပမာမခန့် ပုံစံနဲ့ နွဲ့ဆိုး ဆိုးတတ်တဲ့ သူနဲ့ က ဒီလို လူအများကြားမှာ ဝင်လုပ်ရမဲ့ အလုပ်မျိုးနဲ့ မဖြစ်ပါဘူး"

စိုးရိမ်ပူပန်နေတဲ့ သက်မှူး၏ ကိုယ်လုံးလေးကို ဆပ်သဖူး ကြည်နူးစွာ လှမ်းဖက်လိုက်သည် ။

"မမ စိတ်ပူတာကို နွဲ့ဆိုး သိပါတယ် မမရဲ့ ၊ မမ အရိပ်မှာ ပဲ နွဲ့ဆိုး က သက်သောင့် သက်သာနဲ့ တစ်သက်လုံး နေလာခဲ့ ပြီးပြီလေ၊ မမ အရိ

ပ်မှာ နေတော့ လူ့လောက အကြောင်းကို ဘာမှ မသိဘူးလေ မမရဲ့ ၊ ငယ်ငယ်လေး ကတည်းက အခက်အခဲ မှန်သမျှကို မမကပဲ ခေါင်းခံ ဖြေရှင်း ပေးခဲ့တာလေ"

"ဟုတ်တယ်လေ နွဲ့ဆိုးလေးရဲ့ ၊ ဒါကြောင့် မမက စိတ်မချတာပေ့ါ"

"မမသက် ကလည်း လေ၊ ဆပ်သဖူးကို မမသက်က တစ်သက်လုံး စောင့်ရှောက် သွားနိုင် လို့ လား၊ မမသက် အရိပ်မှာ ပဲ ဆပ်သဖူးက သက်သောင့် သက်သာနဲ့ အမြဲနေသွားခဲ့ ရရင် အခက်အခဲ ကြုံလာတဲ့ အချိန်မှာ ဆပ်သဖူးက သူ့ဘာသာသူ ဖြေရှင်းရဲတဲ့ သတ္တိရှိတော့မှာ မဟုတ်ဘူး မမသက်ရဲ့ "

သဲစုက ဆပ်သဖူးဘက်က စစ်ကူ ဝင်ပြော ပေးနေခြင်းပါ။

"အလုပ်လုပ်တယ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို တည်ဆောက်နေတာလို့ သဲစု ထင်တယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတဲ့ သူဟာ အားကိုးရမဲ့သူ မရှိရင် ဘဝကို တစ်ယောက်တည်း ဆက်လျှောက်ရဲတဲ့ သတ္တိ မရှိဘူးလေ၊ မမသက် ညီမကို မမက ယုံကြည်မှု မရှိတဲ့ သူ ဖြစ်စေချင်လို့ လား"

"အောင်မယ်လေး... ဘယ်လို ပြောလိုက်တာလဲ သဲစုရယ်၊ မမဆီမှာ အလုပ် လုပ်ရင်းနဲ့ လည်း ယုံကြည်မှု တည်ဆောက်လို့ ရပါတယ်"

"မမရယ်၊ နွဲ့ဆိုးက နွဲ့ဆိုးရဲ့ အရည်အချင်းကို သိချင်လို့ ပါ မမရဲ့ ။ ဘွဲ့ရပြီးကတည်းက နွဲ့ဆိုးက အလုပ်လုပ်ချင်နေတာ မမရဲ့ ၊ နွဲ့ဆိုးက ကလေးတွေကို စာသင် ပေးမလားလို့ တော့ စဉ်းစား မိသေးတယ်၊ ဒါပေမဲ့..."

"အောင်မယ်လေး... ကလေးတွေ စာသင်ပေးမဲ့ ဆရာမက ကလေး

တွေနဲ့ ပြိုင်ပြီး ဆိုးနေရင် ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါဦးမယ် နွဲ့ဆိုးရယ်"

"ဟဲဟဲ... ဒါကြောင့် မလုပ်ခဲ့တာပေါ့၊ ခုလည်း အင်တာဗျူးပဲ အရင်ဖြေရဦးမှာ မမရဲ့ ၊ မမက ကြိုပြီး တွေးပူနေတာကိုး၊ အင်တာဗျူး အောင်မှ ပဲ အစမ်းခန့်တစ်လ အရင်လုပ်ရဦးမှာ လေ။ မမ ဆုတောင်းပေးနော်"

"အေး... အေး... ဆုတောင်းပေးမယ်။ အင်တာဗျူး မအောင်ပါစေနဲ့လို့ "

"ဟာ... မမကတော့ လုပ်ပြီ၊ ကဲပါ ပြောစရာရှိတာတွေကို ပြန်ရောက်မှ ပြောတော့။ စောစောက နွဲ့ဆိုးကို ပေးဝတ်မယ်ဆိုတဲ့ ဒီဇိုင်းသစ် အင်္ကျီကို သဲစုကို ပေးဝတ်လိုက်တော့။ ကဲ သဲစု မြန်မြန်လုပ် အချိန် မရှိတော့ဘူး"

ခုမှ အရေးကြီးတဲ့ ပုံစံဖြင့် ပြူးတူးပျာတာ လုပ်ပြနေသော ဆပ်သဖူးကို သဲစုက အမျက်ဒေါသ မပါသော မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ရင်း အင်္ကျီ လဲရန်အတွက် သက်မှူး နောက်မှ လိုက်ခဲ့ တော့သည် ။

*****

# အခန်း(၂)

ရွှေအလင်းစက် ဂျာနယ်နှင့် ရသချို မဂ္ဂဇင်းတို့ ကို ထုတ်ဝေသော အလင်းချို စာပေတိုက်သို့ ဆပ်သဖူးနှင့် သဲစုတို့ ရောက်လာကြသည် ။

စာပေတိုက်က သုံးထပ်တိုက်ကြီးဖြင့် ခမ်းနားစွာ တည်ရှိနေတာမို့ နှစ်ဦးသားမှာ ဝင်ပေါက်ရှိ စုံစမ်းရေး ကောင်တာသို့ ဝင်ခဲ့ကြသည် ။

"ဟာ… ရောက်လာကြပြီဟေ့။ ရောက်လာကြပြီ"

စုံစမ်းရေး ကောင်တာရှိ လူရွယ်လေးမှာ ဆပ်သဖူးတို့ ကို တွေ့သည်နှင့် ဝမ်းသာအားရ ထအော်တော့သည် ။

ဆပ်သဖူးနှင့် သဲစုမှာ တစ်ဦးမျက်နှာ တစ်ဦး နားမလည်စွာ ကြည့်လိုက်မိကြသည် ။

"ဘာဖြစ်တာလဲ သဲစု"

"ငါလည်း ဘယ်သိပ့်ါမလဲ"

နှစ်ဦးသား တီးတိုး တွတ်ထိုး လိုက်ကြသည် ။

"လာလာ… ကျွန်တော့်နောက် လိုက်ခဲ့။ ကျွန်တော် လိုက်ပို့ပေးမယ်"

ရွှင်လန်း တတ်ကြွစွာဖြင့် သူမတို့ ရှေ့မှ ဦးဆောင်ထွက်သွားသော လူရွယ်လေးနောက်သို့ နှစ်ဦးသား နားမလည်စွာဖြင့် လိုက်ပါခဲ့ကြသည် ။

"ဆရာရေ ဒီမှာ ရောက်လာကြပြီ"

အခန်းတစ်ခုရှေ့ အရောက်တွင် တော့ လူရွယ်လေးက တံခါးကို တွန်းဖွင့်လိုက်ပြီး အခန်းတွင်းသို့ အော်ပြောလိုက်သည် ။

"ငါတို့ ကို အင်တာဗျူးမဲ့ နေရာကို တန်းခေါ်လာတာပဲ။ ကံကောင်းလိုက်တာနော် ဆပ်သဖူး"

"အင်း"

နှစ်ဦးသား တီးတိုး ပြောဖြစ်ကြသည် ။

"ဝင်သွားပါ"

လူရွယ်လေးက သူမတို့ နှစ်ဦးကို ချိုမြစွာ ပြုံးပြရင်း အခန်းတွင်းသို့ ဝင်ရန် ပြောလာသည် ။

"ဝင်ကြတာပေါ့"

သဲစုကို လှမ်းပြောလိုက်ရင်း ဆပ်သဖူးက အရှေ့မှ ဦးဆောင်ကာ အခန်းတွင်းသို့ အသာ လှမ်းဝင်လိုက်သည် ။

"ဟင်..."

အခန်းတွင်း အပြင်အဆင်ကြောင့် ဆပ်သဖူး အံ့သြသွားရသည် ။ ဆပ်သဖူး အနောက်မှ လိုက်ဝင်လာသော သဲစုသည် လည်း ဓာတ်ပုံစတူဒီယို တစ်ခုပမာ ပြင်ဆင်ထားသော အခန်း အပြင်အဆင်ကြောင့် အံ့သြသွားရသည် ။

"ဟင်...၊ ဒါ... ဒါတွေက ဘာလဲ။ ဘယ်နေရာလဲ"

သူမတို့ နောက်မှ လိုက်မဝင်ဘဲ တံခါးဘေးတွင် ရပ်နေသော လူရွယ်လေးကို ဆပ်သဖူး သိချင်စိတ် ပြင်းပြစွာဖြင့် လှမ်းမေးလိုက်သည် ။

"ဟင်… အစ်မတို့ ဓာတ်ပုံရိုက်ရမဲ့ နေရာလေ"

"ဟင်၊ သတင်းထောက် ရာထူးအတွက် အင်တာဗျူးထဲမှာ ဓာတ်ပုံလည်း အရိုက်ခံရမှာ လား ဟင်"

"ဗျာ… အစ်မတို့ က ရှေ့လ ကာဗာစတိုရီ အတွက် ဓာတ်ပုံ အရိုက်ခံမဲ့ စူပါဂဲလ် အေဂျင်စီက စူပါမော်ဒယ် နှစ်ဦး မဟုတ်ဘူး လား"

လူရွယ်လေးကလည်း တအံ့တသြဖြင့် ပြန်မေးလာသည် ။

"မဟုတ်ပါဘူး၊ တို့ က သတင်းထောက် နေရာအတွက် အင်တာဗျူး လာတာပါ"

"အမယ် လာနောက် မနေပါနဲ့ "

လူရွယ်လေးက ဇဝေဇဝါ ဖြစ်သွားပြီးမှ ဆပ်သဖူးတို့ ကို သေချာကြည့်ပြီး ရယ်ရွှင်စွာ ပြောလိုက်တာမို့ နှစ်ဦးသား စိတ်ညစ်သွားရသည် ။

"အောင်ဖြိုး၊ မော်ဒယ်တွေ ခေါ်ခဲ့လေ"

ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေကြသော သူများ ထံမှ တစ်ဦးက လူရွယ်လေးကို လှမ်းပြော လိုက်ခြင်းပါ။

"သွားလေ အစ်မတို့ ရဲ့ "

"လာ… လာ… ညီမတို့ ကို စောင့်နေတာ၊ မာမီမောင်ရေ ဒီက ညီမနှစ်ယောက်ကို ဒီနေ့ရိုက်မဲ့ Title အတိုင်း ပြင်ပေးလိုက်ပါဦး"

"ဟယ်… မီးလေးတို့ က ချောတော ပေါတောလေးတွေ ပါလား"

ဝမ်းသာအားရ ပုံစံဖြင့် ပြောလာသော မာမီမောင့် စကားကြောင့် ဆပ်သဖူးနှင့် သဲစုတို့ ၏ မျက်နှာလေးများ ရှုံ့မဲ့သွားရသည် ။

"မာမီမောင်ရယ်၊ ချောတယ်ဆိုရင်လည်း ချောတယ်လို့ ရိုးရိုးတန်းတ

န်း ပြောတာပဲ နားထောင်လို့ ကောင်းပါတယ် မာမီမောင်ရယ်။ ခုဟာက ဘာမှန်းလဲ မသိဘူး ချောတာရဲ့ နောက်မှာ ပေါတာက ကပ်ပါနေသေးတယ်။ ချောတော ပေါတောတဲ့ "

စိတ်မသက်သာသော မျက်နှာပေးလေးဖြင့် ပြောလာသော သဲစုကို ကြည့်ပြီး မာမီမောင် အားရပါးရ ရယ်ချလိုက်သည် ။

"ဘာလဲ… မီးလေးက မပေါဘူးပေါ့"

"မာမီမောင် မနောက်နဲ့ နော်"

"မနောက်နဲ့ နော် ဆိုတာက ရွှေထိုက်နဲ့ ခင်ဘုဏ်းတို့ ဆိုထားတဲ့ သင်္ကြန် သီချင်းလေ။ အဲဒီ သီချင်းကို မာမီမောင် အရမ်းကြိုက်တယ်။ ဘာတဲ့ … မနောက်နဲ့ နော်… ဒီကမ္ဘာမှာ အချစ်ဆုံးတဲ့ … မနောက်နဲ့ နော်…ပေးတဲ့ ကတိ သိပ်လွယ်… မနောက်နဲ့ နော်"

ကိုယ်ကိုလှုပ်ကာ သီချင်းဟဲနေသော မာမီမောင့် ပခုံးကို နှစ်ဦးသား ဝိုင်းထုလိုက်ကြသည် ။

"အောင်မငိုး၊ မီးလေးတို့ ကလည်း မာမီမောင်က ချစ်လို့ စတာကို ကြိတ်အကြိုးရဘူး။ မီးလေးတို့ ကို ပေါတောလို့ ပြောတာက မီးလေးတို့ က စူပါ မော်ဒယ်တွေမို့လို့ ငွေပေါတာလို့ တင်စားပြီး ပြောတာ"

မာမီမောင့် စကားကြောင့် နှစ်ဦးသား တစ်ဦးမျက်နှာ တစ်ဦး ပြိုင်တူ ကြည့်လိုက်ပြီးမှ မာမီမောင့် ဘက်သို့ လှည့်ကာ ပြိုင်တူ ပြောချလိုက်သည် ။

"မှားပြီ"

"ဟမ်… ဘာမှားတာလဲ"

"ဆပ်သဖူးတို့ က မော်ဒယ်တွေ မဟုတ်ဘူး ။ ဒီတိုက်မှာ သတင်းထောက် ခေါ်လို့ အင်တာဗျူးဖို့ လာတဲ့ သူတွေ"

"အမ်"

မာမီမောင် အပါအဝင် စတူဒီယို အခန်းတွင်းရှိ သူများအားလုံး တအံ့တသြ ဖြစ်သွားကြ သည် ။

ပါးစပ်ဟောင်းလောင်း ဖြစ်နေကြသော သူတို့ ၏ ပုံစံကို ကြည့်ပြီး ဆပ်သဖူးနှင့် သဲစုမှာ လက်ဝါးချင်း ဖြောင်းခနဲ မြည်အောင် ရိုက်လိုက်ကြပြီး

"မနောက်နဲ့ နော်... ဒီကမ္ဘာမှာ အချစ်ဆုံးတဲ့ ... မနောက်နဲ့ နော်... ပေးတဲ့ ကတိ သိပ်လွယ် ... မနောက်နဲ့ နော်... ယုံလွယ်ပြီဆိုမှ ... မှားမယ်နော်"

ဟု သံနေသံထားဖြင့် ပြိုင်တူဆိုပြီး ကိုယ်လေးတွေ လှုပ်ခါကာ အခန်းတွင်းမှ ထွက်ခဲ့ကြ သည် ။

"လာခဲ့၊ မင်း အူကြောင်ကြောင်နဲ့ ဒီကိုခေါ်လာခဲ့လို့ အားလုံး အူကြောင်ကြောင်တွေ ဖြစ်ကုန်ပြီ။ ငါတို့ အင်တာဗျူးရမဲ့ နေရာကို လိုက်ပို့ပေး"

အခန်းတွင်းမှ မြင်ကွင်းကို ပြုံးဖြီးဖြီး ကြည့်ရင်း လွဲကုန်ပြီဆိုသော ပုံစံဖြင့် ခေါင်းကုတ် နေသော တံခါးဝရှိ အောင်ဖြိုး၏ အင်္ကျီ လက်ဖျားစကို ဆပ်သဖူး ဆွဲကာ ခေါ်လာခဲ့သည် ။

"ဟီး... ဟီး... တစ်ခါတလေတော့လည်း  လွဲတဲ့ အခါလည်း လွဲပေမပေါ့။ ဟီး... ဟီး...၊ ဆောရီးနော် မမတို့ ၊ လာ... လာ... ကျွန်တော့်နောက်က လိုက်ခဲ့"

အောင်ဖြိုးနောက်မှ နှစ်ဦးသား လိုက်လာခဲ့ကြသည် ။ ဒုတိယထပ်သို့ တက်သွားပြီး အခန်း တစ်ခုရှေ့တွင် အောင်ဖြိုး ရပ်လိုက်သည် ။

"ရောက်ပြီ မမတို့ "

"ဟဲ့... ဒီတစ်ခါတော့ မမှားတော့ပါဘူးနော်"

"ဟာ... မမတို့ ကတော့ ကျွန်တော့်ကို အထင် စမောတာလား။ အောင်ဖြိုးက နှစ်ခါ အမှား မခံဘူး။ လာ... ကျွန်တော်ကိုယ်တိုင် အခန်းထဲထိ လိုက်ပို့ပေးမယ်"

အောင်ဖြိုးက ရွှန်းရွှန်းဝေအောင် ပြောနေရင်း အခန်းတံခါး ဆွဲဖွင့်လိုက်သည် ။

"ဆရာ၊ ဒီမှာ အင်တာဗျူးခံမဲ့ မမ နှစ်ယောက်ကို လာပို့တာ"

အောင်ဖြိုးက ဆရာဟု ခေါ်လိုက်သော သူက သူတို့ သုံးဦးအား မျက်မှောင်တွန့် ကြည့်လာ သည် ။ စားပွဲပေါ်တွင် လည်း အယ်ဒီတာချုပ် ဟု ရေးထားသော စားပွဲတင် ဆိုင်းဘုတ်လေး တစ်ခု။

ဆပ်သဖူးတို့ နှစ်ဦးသားမှာ  သူတို့ အား အလိုမကျသော ပုံစံဖြင့် ကြည့်လာသော အယ်ဒီတာ ချုပ်ကြောင့် တစ်ဦးမျက်နှာ တစ်ဦး နားမလည်သော အကြည့်တို့ ဖြင့် ကြည့်လိုက်မိ ကြသည် ။

"မင်းတို့ ပြန်လို့ ရပြီ"

ဘာမပြော ညာမပြောနဲ့ ပြန်လို့ ရပြီဟု သံပြတ်ဖြင့် ပြောလာသော အယ်ဒီတာချုပ်ကြောင့် ဆပ်သဖူးနှင့် သဲစုတို့ နှစ်ဦးသား ဒေါသ သေးသေးလေးများ ကိုယ်စီ ထွက်သွားကြရသည် ။

"ကျွန်မတို့ က အချိန်တွေ ပိုလွန်းအားကြီးလို့ အယ်ဒီတာချုပ်ကြီးရဲ့

အခန်းကို လာကြည့်တာ မဟုတ်ဘူး ၊ အယ်ဒီတာချုပ်က ကိုယ်အယ်ဒီတာချုပ် ဆိုပြီး အယ်ဒီတာချုပ် ပါဝါပြဖို့ တော့ မကောင်း ပါဘူး"

"အမ်"

ကောင်မလေး နှစ်ဦးထံမှ မမျှော်လင့်ထားသော စကားလုံးများကို ကြားလိုက်ရတာမို့ အယ်တာချုပ်၏ မျက်ခုံးအစုံ မြင့်တက်သွားရသည် ။

"ဆပ်သဖူးတို့ က အင်တာဗျူးခံဖို့ ရောက်လာကြတာကို ပြန်လို့ ရပြီ လို့ ပြောတာကတော့ ဆပ်သဖူး တို့ ကို မလေးစားရာ ကျပါတယ်"

ဆပ်သဖူး စကားကြောင့် အယ်ဒီတာချုပ် နှုတ်ခမ်း ထောင့်စွန်းတွင် အပြုံး ကွေးကွေးလေး ပေါ်လာသည် ။

"မင်းလေးက ကိုယ့်ကို မလေးစားဘူးလို့ ပြောရအောင် မင်းလေးတို့ ကရော အချိန် လေးစား လို့ လား"

"ရှင်"

"မင်းတို့ လျှောက်လွှာ လာတင်တုန်းက လျှောက်လွှာ လက်ခံတဲ့ ဌာနက ဒီနေ့မနက် ကိုးနာရီခွဲ တိတိ အရောက်လာခဲ့ ခိုင်းတယ် မဟုတ်လား"

"ဟုတ်... ဟုတ်"

"ဒါပေမဲ့ မင်းတို့ ရောက်မလာခဲ့ဘူး။ အင်တာဗျူး လာတဲ့ လူ (၁၀) ယောက်ကို (၁၀)နာရီ (၁၅)ထိ ကိုယ်တို့ အင်တာဗျူး လုပ်ခဲ့ကြတယ်။ (၁၀)နာရီ (၁၀)မိနစ်မှာ မင်းတို့ ရောက်လာခဲ့မယ် ဆိုရင်တောင် မီသေးတယ်။ ခုပဲကြည့်လေ (၁၀)နာရီ မိနစ်(၂၀) ရှိနေပြီ။ စောစောက လေးတင်ပဲ နောက်ဆုံး အင်တာဗျူး ခံတဲ့ သူ ပြန်သွားတာ"

"ဆရာ၊ ကျွန်တော့်ကို စကားပြောခွင့် ပြုပါ"

သူ့ကြောင့် မမနှစ်ယောက် အင်တာဗျူး လွတ်သွားတာမို့ အောင်ဖြိုးမှာ တာဝန် မကင်းသလို ခံစားနေရသည် ။

"ပြောပါ အောင်ဖြိုး"

"ဒီအစ်မ နှစ်ယောက်က အချိန်မီ ရောက်လာပါတယ် ဆရာ။ ကျွန်တော်က အဲဒီ အစ်မ နှစ်ယောက်ကို စူပါဂဲလ် အေဂျင်စီက မော်ဒယ်တွေလို့ ထင်ပြီး စတူဒီယိုခန်းထဲ ခေါ်သွားမိတာပါ။ အဖြစ်ကတော့...."

အခြေအနေကို အောင်ဖြိုး ရှင်းပြလိုက်သည် ။

"ဩော် ဒီလိုလား။ ဒါဆိုလည်း မင်းတို့ အတွက် အင်တာဗျူး ပြန်လုပ်ပေးရတော့ မှာ ပေါ့။ ခုလေးတင်ပဲ ဘုတ်အဖွဲ့ဝင်တွေ ပြန်ထွက် သွားကြတာ။ ကဲပါ... ကိုယ် တစ်ယောက်တည်းနဲ့ ဗျူး လိုက်ကြတာပေါ့"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ရှင်"

အင်တာဗျူးပြီး နောက်မှာ တော့ နောက်နှစ်ရက် ကျရင် အကြောင်းပြန်မည် ဟူသည့် စကားကို ရင်ဝယ်ပိုက်ပြီး နှစ်ဦးသား အလင်းချို စာပေတိုက်မှ ထွက်ခွာခဲ့ကြတော့သည် ။

*****